ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

**Monthly**

# INFLATION REPORT

Jan, 2020

အကြောင်းအရာ။ **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူစျေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက် စားသုံးသူစျေးဆနှုန်းမှာ **၁၇၄.၁၃** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူစျေးဆနှုန်းမှာ **၁၄၄.၂၆** ရှိပါသည်။ **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၏ အုပ်စုအားလုံးအတွက်** စားသုံးသူစျေးဆနှုန်းမှာ **၁၆၁.၇၂** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူစျေးဆနှုန်း **၁၆၁.၂၆** နှင့် နှိုင်းယှဉ်ပါက **၀.၂၉%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် စျေးနှုန်းတည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီစျေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၏ စားသုံးသူစျေးဆနှုန်း (Core CPI) မှာ ၁၄၁.၂၂** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၀.၃၈** နှင့် နှိုင်းယှဉ်ပါက **၀.၆၀%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူစျေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ**၏ စားသုံးသူစျေးဆနှုန်းမှာ **၁၆၁.၇၂** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၄၇.၇၅** နှင့် နှိုင်းယှဉ်ပါက **၉.၄၅%** မြင့်တက်လာပါသည်။ **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၏ Core CPI မှာ ၁၄၁.၂၂ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၂၄.၆၉** နှင့် နှိုင်းယှဉ်ပါက **၁၃.၂၆%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အစားအစာအုပ်စု (Food)** ၏ စျေးဆနှုန်းမှာ **၁၇၄.၁၃** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၁၁% မြင့်တက်လာပါသည်။** ကောက်ညှင်းဆန်၊ ဂျုံမှုန့်စျေးနှုန်းများ၊ နမ်းဆီနှင့် စားအုန်းဆီစျေးနှုန်းများ၊ ဝက်သား၊ အမဲသား၊ ဆိတ်သားစျေးနှုန်းများ၊ ငါးအစိုနှင့် ငါးအခြောက်စျေးနှုန်းများ၊ ပုစွန်ကျော့စျေးနှုန်းများ၊ အချို့ သစ်သီးဝလံစျေးနှုန်းများ၊ အချို့ပဲစျေးနှုန်းများနှင့် စားဖိုဆောင်သီးနှံစျေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ စျေးဆနှုန်းမှာ **၁၄၄.၂၆** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၅၈%** မြင့်တက်လာပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီစျေးနှုန်းများ ဆက်လက်မြင့်တက်လာပြီး အခြားအသုံးအဆောင်ပစ္စည်းများဖြစ်ကြသော အမျိုးသမီး/အမျိုးသားဝတ်လုံချည်များ၊ ဂျာကင်၊ ရုပ်အင်္ကျီ၊ တီရှပ်၊ ဘောင်းဘီရှည်၊ ဆွယ်တာ၊ အမျိုးသမီးဝတ်အင်္ကျီ၊ ခြေအိတ်၊ ဖိနပ်(ရော်ဘာ/ သားရေစိမ်း)နှင့် အိမ်အသုံး

အဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာပါသည်။ သို့ရာတွင် ရွှေဈေးနှုန်းမှာမူ ယခင်လကထက် ဆက်လက်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လကထက် ၁၄ ကျပ်ခန့် ကျဆင်းနေပါသည်။ သို့သော် ပြည်ပမှ တင်သွင်းသည့် လောင်စာဆီ ဈေးနှုန်းမှာ အတက်အကျဖြစ်ပေါ်နေသော်လည်း ပြည်တွင်း လောင်စာဆီဈေးနှုန်းတွင် ဓာတ်ဆီဈေးနှုန်းမှာ အနည်းငယ်ဆက်လက်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာသော်လည်း ငါးအစို/ငါးအခြောက်ဈေးနှုန်းများ၊ အဝတ်အထည်ဈေးနှုန်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းစသည့် အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ်ဆက်လက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၈.၈၁%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation - Core Inflation) မှာ ၉.၉၆%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၉.၄၅%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation - Core Inflation)** မှာ **၁၃.၂၆%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ နှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလစားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၁.၇၂ ဖြစ်ရာ ယခင်လ အခြေအနေ ၁၆၁.၂၆ နှင့် နှိုင်းယှဉ်ပါက ၀.၂၉% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် ဆက်သွယ်ရေးအုပ်စုနှင့် အထွေထွေကုန်ပစ္စည်းအုပ်စုတို့မှာ သိသာစွာ ပြောင်းလဲမှုမရှိသော်လည်း ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုနှင့် ပြင်ပအစားအအသောက်အုပ်စုတို့၏ ဈေးနှုန်းများမှာ အခြားအုပ်စုများထက် သိသာစွာမြင့်တက်လျက်ရှိပြီး ကျန်အုပ်စု၏ ဈေးနှုန်းများမှာ ယခင်လက ထက် အနည်းငယ်စီ မြင့်တက်လျက် ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်း များကို ဇယား (၁) ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြ အပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၇၄.၁၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၁၁% မြင့်တက်နေပါသည်။ ယခုလတွင် ဆန် (ဧည့်မထ) ဈေးနှုန်းမှာ ၀.၈၂%၊ မြေပဲဆီ ၀.၄၁%၊ ကြက်သား ၀.၁၅%၊ ကြက်ဥ ၀.၃၈%၊ ငါးခူ ၂.၃၆%၊ ငါးရံ့ ၀.၈၂% နှင့် ငါးရံ့ခြောက် ၀.၂၉% ကျဆင်းနေ သော်လည်း နှမ်းဆီ ၀.၄၄%၊ စားအုန်းဆီ ၂.၆၉%၊ ဝက်သား ၁.၉၁%၊ အမဲသား ၀.၁၉%၊ ဘဲဥ ၀.၀၉%၊ ငါးမြစ်ချင်း ၀.၃၄% နှင့် ပုစွန်ခြောက် ၀.၁၂% မြင့်တက် လာပါသည်။ သို့ရာတွင် စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော အာလူးဈေးနှုန်းမှာ ၄.၄၁% ကျဆင်းနေသော်လည်း ကြက်သွန်ဖြူ ၂.၉၁% နှင့် ကြက်သွန်နီ ၁.၉၀% တို့ဖြင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ အလားတူ ရာသီသီးနှံဖြစ်သော ခရမ်း ချဉ်သီးဈေးနှုန်းမှာ ၄.၂၉% ဖြင့်သိသာစွာမြင့်တက်လာပါသည်။ ထို့အပြင် ငှက်ပျော

သီး၊ အုန်းသီး၊ နာနတ်သီး ဈေးနှုန်းများနှင့် ပဲနီလေးဈေးနှုန်းမှာ ယခင်လကထက် အသီးသီး မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၅၇.၅၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၃.၀၁% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော အရက်(ပြည်တွင်း)၊ ကွမ်းရွက်၊ စီးကရက်(ပြည်တွင်း/ပြည်ပ)နှင့် ဆေးပေါ့လိပ် ဈေးနှုန်းများ သိသာစွာ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၂၉.၁၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၄% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီရှည်၊ ဆွယ်တာ၊ အမျိုးသမီးဝတ်အင်္ကျီ၊ အင်္ကျီချုပ်ခ(အမျိုးသမီး) နှင့် ဖိနပ်(သားရေ/ ရော်ဘာ)ဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၉၉.၄၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၄% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အိမ်လခနှင့် အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ စတီးချောင်း၊ ဘိလပ်မြေ၊ အိမ်ပြုပြင်ထိန်းသိမ်းစရိတ် (အလုပ်သမားခ)၊ ရေခွန်၊ ရေဖိုး၊ ဂတ်စ်ဓာတ်ငွေ့နှင့် မီးသွေးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၃၂.၇၇ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၈၁% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်ကြသည့် ကုတင်၊ ဗီရို၊ ဖျာ(သင်ဖြူး)၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်၊ ဘက်ထရီ၊ မီးချောင်း၊ ဓာတ်မီး၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်နှင့် အိမ်အကူဈေးနှုန်းများ အနည်းငယ် ဆက်လက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆန္ဒန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၆၀.၀၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၃% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆေးရုံစရိတ်၊ ဆေးဈေးနှုန်းများနှင့် ဆေးကုသခဈေးနှုန်းများမှာ ရာသီအကူးအပြောင်းကာလဖြစ်၍ ဖျားနာသူ များပြားလာသောကြောင့် ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆန္ဒန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၁၇.၇၂ ရှိ၍ ယခင်လအခြေအနေ ၁၁၇.၂၃ နှင့် နှိုင်းယှဉ်ပါက ၀.၄၂% သာမြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၄၉၁.၄၉ ကျပ် မှ ၄၄၄၄.၆၃ ကျပ်သို့ ကျဆင်းလာသော်လည်း ဓာတ်ဆီတစ်ဂါလန်လျှင် ၄၂၃၅.၃၆ ကျပ် မှ ၄၂၃၉.၂၅ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ်၊ အငှားယာဉ်ခ၊ ဖယ်ရီကားခနှင့် ဆိုက်ကားခ ဈေးနှုန်းများမှာလည်း မြင့်တက်လာပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆန္ဒန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၀၁.၄၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသာစွာ ပြောင်းလဲမှုမရှိပါ။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းလ်ဖုန်းဈေးနှုန်းများ သိသာစွာ ပြောင်းလဲမှုမရှိသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆန္ဒန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၂၃.၃၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၁၀% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီ၊ သတင်းစာ၊ ဂျာနယ်နှင့် ဗလာစာအုပ်ဈေးနှုန်းများ အနည်းငယ်စီမြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆန္ဒန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၃၉.၁၄ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၁၃% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော သင်တန်းကြေးဈေးနှုန်းများ အနည်းငယ်မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၄) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၃၃.၇၀ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၃၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာနှင့် လက်ဖက်နှစ်ပြန်ကြော် ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၄၆.၈၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသာစွာ ကျဆင်းခဲ့ခြင်း မရှိပါ။ ဤအုပ်စုတွင် ပါဝင်သော ရွှေ၊ လက်ဝတ်ရတနာ၊ သနပ်ခါးနှင့် မျက်နှာလိမ်းပေါင်ဒါ ဈေးနှုန်းများ အနည်းငယ်သာ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၄၄.၂၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၅၈% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ နှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်

## စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွက် စားသုံးသူဈေးဆန္ဒန်းမှာ ၁၆၁.၇၂ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆန္ဒန်း ၁၄၇.၇၅ နှင့် နှိုင်းယှဉ်ပါက ၉.၄၅% မြင့်တက်လာပါသည်။ ဆက်သွယ်ရေးအုပ်စု၏ဈေးနှုန်းမှာကျဆင်းလာသော်လည်း ကျန်အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

## အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆန္ဒန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၇၄.၁၃ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ အခြေအနေ ၁၆၁.၅၀ နှင့် နှိုင်းယှဉ်ပါက ၇.၈၂% ဖြင့် တိုးနှုန်း အရှိန်မှာ ယခင်လကထက် မြင့်တက်လာပါသည်။ ဆန် (ဧည့်မထ)၊ ကြက်ဥနှင့် ကုလားပဲခြမ်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းနေသော်လည်း မြေပဲဆီ ၁၁.၄၈%၊ နှမ်းဆီ ၉.၉၁%၊ စားအုန်းဆီ ၂.၉၇%၊ ကြက်သား ၁.၀၀%၊ ဝက်သား ၄.၉၃%၊ အမဲသား ၁၄.၀၈%၊ ဘဲဥ ၄.၇၁%၊ ငါးခူ ၁၂.၅၇%၊ ငါးရံ့ ၁၀.၂၆%၊ ငါးမြစ်ချင်း ၂၂.၆၄%၊ ပုစွန်ခြောက် ၆.၃၄%၊ ငါးရံ့ခြောက် ၁၀.၁၉%၊ ရေကျိုငါးပိ ၃.၈၅% နှင့် အာလူး ၇.၀၆% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ခရမ်းချဉ်သီး ၅၁.၀၈%၊ ကြက်သွန်ဖြူ ၇၇.၉၈%၊ ကြက်သွန်နီ ၁၃၁.၄၂% တို့ဖြင့် သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိ ရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၅၇.၅၄ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၉.၃၁% မြင့်တက်နေ ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ (ပြည်တွင်း/

ပြည်ပ)၊ ကွမ်းသီး(အခြမ်း)၊ စီးကရက်(ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၂၉.၁၃ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၄.၅၅% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ၎င်းအုပ်စုတွင်ပါဝင်သော လုံချည်(အမျိုးသမီး/ အမျိုးသား)၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ ဖိနပ် (သားရေ/ ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၉၉.၄၅ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၃၁.၇၁% ဖြင့် သိသာစွာမြင့်တက်လာပါသည်။ ၎င်းအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးဈေးနှုန်းများ၊ အိမ်ပြင်ခ၊ အလုပ်သမားခ၊ ဓါတ်စ်ဓာတ်ငွေ့နှင့် ရေဖိုးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အပြင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကြောင့် ယခင်နှစ်ကထက် သိသာစွာမြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၃၂.၇၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၆.၃၆% မြင့်တက်ခဲ့ပါသည်။ ၎င်းအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်(အလုပ်သမားခ)တို့မှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၆၀.၀၄ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၉.၄၈% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၁၇.၇၂ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၆.၆၁% မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၉.၂၅ ရှိရာမှ ယခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၇၇.၄၂ သို့ မြင့်တက်လာသော်လည်း ပြည်တွင်း ဒီဇယ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ဂါလန်လျှင် ၄၄၆၄.၉၀ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၄၄၄.၆၃ ကျပ်သို့ ကျဆင်းလာပါသည်။ ထို့အတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၈.၀၆ ရှိရာမှ ယခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၇၀.၉၇ သို့လည်းကောင်း၊ ပြည်တွင်း ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ဂါလန်လျှင် ၃၉၄၈.၀၇ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၂၃၉.၂၅ ကျပ်သို့လည်းကောင်း အသီးသီး မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ (ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၀၁.၄၃ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၀.၅၀% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များ ဝင်ရောက်မှုများလာပြီး Model အဟောင်းများ ဈေးကွက်တွင် နည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၂၃.၃၁ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၁၂.၅၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဘူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၃၉.၁၄ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၄.၂၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၃၃.၇၀ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၅.၉၅% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ လက်ဖက်အစိုနှင့် နှစ်ပြန်ကြော်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၄၆.၈၁ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၈.၇၈% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၄.၁၂%၊ လက်ဝတ်ရတနာ ၂၂.၄၀%၊ သနပ်ခါး ၅.၅၄%၊ မိတ်ကပ် ၇.၀၆% နှင့် သွားတိုက်ဆေး ၁၀.၁၁% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၄၄.၂၆ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၁၂.၃၄% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သောအုပ်စုများအနက် ဆက်သွယ်ရေးအုပ်စုကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(၈)

## စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအခြေအနေတင်ပြခြင်း


၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ အထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ၁၄၇.၈၉ ရှိခဲ့ရာမှ တဖြည်းဖြည်းပြန်လည်မြင့်တက်လာခဲ့ရာ ဒီဇင်ဘာလ တွင် ၁၆၁.၇၂ ဖြစ်ပေါ်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္နန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် ကျဆင်းနေပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မြင့်တက်နေ ပါသည်။ နှစ်အလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် မန္တလေးမြို့တွင် ၁၅.၃၈% ဖြင့် အများဆုံး ပြောင်းလဲမှုဖြစ်ပေါ်နေပြီး ရခိုင်ပြည်နယ်တွင် ၃.၁၆% ဖြင့်အနည်းဆုံးပြောင်းလဲမှုဖြစ်ပေါ် ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၌ ၆.၁၄% ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ပြန်လည်မြင့်တက်လာရာမှ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၉.၅၁% ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ မှစ၍ လျှပ်စစ်ဓာတ်အားခ နှုန်းထားများ မြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ သိသိသာသာ ဆက်လက်မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဩဂုတ် လမှစ၍ ယခင်နှစ်အလားတူကာလကထက် ကုန်စည်ဈေးနှုန်းများတက်နှုန်းများ တဖြည်းဖြည်း နည်းပါးလာသောကြောင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ၈.၂၆% သို့ ဆက်လက်ကျဆင်းလာခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင်မူ ၉.၄၅% သို့ ပြန်လည် မြင့်တက်လာခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၈.၈၁% ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၈.၅၉% နှင့် နှိုင်းယှဉ်ပါက ၀.၂၂ ပိုမိုလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ၆.၉၄% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၁%ဖြင့် အမြင့်ဆုံးဖြစ် ပေါ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကုန်ပစ္စည်းဈေးနှုန်းများတက်နှုန်းနည်းခဲ့၍ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်လျော့နည်းခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင်မူ ကုန်ပစ္စည်းဈေးနှုန်းတက်နှုန်းများပြန်လည်မြင့်တက်လာသောကြောင့် ၈.၈၁% သို့ ပြန်လည်မြင့်တက်လာခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၂.၂၃% ဖြင့် အမြင့်ဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၁.၉၈% ဖြင့် ဒုတိယအမြင့်ဆုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၁.၀၃% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ

မန္တလေးမြို့တွင် ၁၅.၃၈% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၃.၁၆%ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှုအခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်နှစ်နှင့် ယခင်လတို့နှင့် နှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ဈေးကွက်အတွင်း ဆန်ဟောင်းများ ကုန်ဆုံးချိန်ဖြစ်ပြီး ဆန်သစ်များထွက်ရှိချိန်ဖြစ်၍ ဝင်ရောက်မှု များပြားလာသောကြောင့်ဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီဈေးနှုန်းမှာ အနည်းငယ်ကျဆင်းလာသော်လည်း အခြားစားသုံးဆီဈေးနှုန်းများမှာ မြင့်တက်လာပါသည်။ သို့သော် ပြည်ပစားအုန်းဆီတင်သွင်းသည့်ဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၈.၂၆ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၆၉၈.၁၁ သို့ မြင့်တက်နေသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းများ မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် အသားတိုးကြက်မွေးမြူသူများပြားလာခြင်းကြောင့် ကြက်သားဈေးနှုန်းများ ကျဆင်းလာပါသည်။ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ် ဝယ်ယူမှုများရှိနေခြင်းကြောင့် အမဲသားနှင့် ဆိတ်သားဈေးနှုန်းများ ယခင်လကထက် မြင့်မားနေပါသည်။ အလားတူ ဝက်လိုင်စင် ဈေးမြင့်တက်လာခြင်းနှင့် အထွေထွေကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် ဝက်သားဈေးနှုန်းများ မြင့်တက်လာပါသည်။ ကမ်းနီးငါးဖမ်းသူများနှင့် တစ်ပိုင်တစ်နိုင်ငါးဖမ်းသူများပြားလာသောကြောင့် ပင်လယ်ငါးများ ဝင်ရောက်မှုများပြားလာပြီး ငါး၊ ပုစွန် ဈေးနှုန်းများ ကျဆင်းလာပါသည်။ ဥအထွက်နှုန်းများလာသောကြောင့် ကြက်ဥဈေးနှုန်းမှာလည်း ဆက်လက် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(ဃ) ဆောင်းရာသီသီးနှံပေါ်ချိန် ပေါများချိန်ဖြစ်၍ ဘူးသီး၊ ခရမ်းချဉ်သီးနှင့် ဂေါ်ဖီထုပ် တို့မှလွဲ၍ ကျန်ဟင်းသီးဟင်းရွက်ဈေးနှုန်းများနှင့် အချို့အသီးအနှံဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(င) ပြည်ပမှ ဝယ်ယူမှုများရှိသောကြောင့် ကြက်သွန်နီဈေးနှုန်းများ ထူးထူးခြားခြား ဆက်လက် မြင့်တက်လျက်ရှိပါသည်။ အလားတူ စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲအခြေအနေများ ကြောင့် ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးလာပြီး ဈေးနှုန်းများမြင့်တက် လျက်ရှိပါသည်။ အလားတူ ပဲမျိုးစုံဈေးကွက်တွင် ပဲဈေးနှုန်းများ မြင့်တက်နေ ကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၁၁၄၆၀၂.၂၁ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၄၅% ပြန်လည်ကျဆင်း လာခဲ့သော်လည်း လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၁၄.၁၂% မြင့်တက်လျက်ရှိ ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၄၇၄.၇၃ ရှိရာမှ ၁၄၇၇.၆၉ သို့ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေ ဈေးနှုန်း မြင့်တက်လာသော်လည်း မြန်မာ့ရွှေဈေးနှုန်းမှာမူ အနည်းငယ် ကျဆင်း လျက်ရှိပါသည်။

(ဆ) လျှပ်စစ်ဓာတ်အားခဈေးနှုန်းများကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ပြောင်းလဲ တိုးမြှင့် ကောက်ခံသည့်အတွက် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ကုန်ပစ္စည်းအုပ်စု ဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဇ) ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၅.၄၇ မှ ၇၇.၄၂ သို့ မြင့်တက်လာသော်လည်း ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၁.၂၆ မှ ၇၀.၉၇ သို့ ကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသည့် လောင်စာဆီ ဈေးနှုန်းများအတက်အကျဖြစ်ပေါ်နေသော်လည်း ပြည်တွင်းလောင်စာဆီ ဈေးနှုန်း

များတွင် ဒီဇယ်ဆီဈေးနှုန်း ကျဆင်းလာပြီး ဓာတ်ဆီဈေးနှုန်းမှာ အနည်းငယ် ဆက်လက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာကျဆင်းလာသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ အတက်အကျဖြစ်ပေါ်နေသော်လည်း ပွင့်လင်းရာသီဖြစ်၍ ခရီးသွားလာသူများပြားခြင်းကြောင့် ဝယ်ယူသုံးစွဲမှု များပြားနေသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းတွင် ဓာတ်ဆီဈေးနှုန်းမှာ အနည်းငယ် ဆက်လက် မြင့်တက်လျက် ရှိပါသည်။ ယခုလအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းများ တဖြည်းဖြည်းကျဆင်းလာရာအကျဘက်သို့ ဦးတည်နေကြောင်း တွေ့ရှိရပါသည်။ အလားတူ မြန်မာ့ရွှေဈေးနှုန်းများ ကျဆင်းလာသော်လည်း အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်မြင့်တက်ခဲ့ပြီး ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာလည်းအနည်းငယ် မြင့်တက်လာပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ် ဒီဇင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဒီဇင်ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| (က) | **စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း** | ၁၀၀.၀၀ | ၁၄၇.၇၅ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၀.၂၉ | ၉.၄၅ | ၈.၈၁ |
| ၀၁ | **အစားအစာအုပ်စု** | ၅၈.၄၆ | ၁၆၁.၅၀ | ၁၇၃.၉၃ | ၁၇၄.၁၃ | ၀.၁၁ | ၇.၈၂ | ၉.၀၂ |
| | **အစားအစာမဟုတ်သောအုပ်စု** | ၄၁.၅၄ | ၁၂၈.၄၁ | ၁၄၃.၄၃ | ၁၄၄.၂၆ | ၀.၅၈ | ၁၂.၃၄ | ၈.၄၇ |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၄.၁၂ | ၁၅၂.၉၃ | ၁၅၇.၅၄ | ၃.၀၁ | ၉.၃၁ | ၂.၅၁ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၃.၅၂ | ၁၂၈.၆၉ | ၁၂၉.၁၃ | ၀.၃၄ | ၄.၅၅ | ၄.၉၈ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၅၁.၄၃ | ၁၉၈.၇၇ | ၁၉၉.၄၅ | ၀.၃၄ | ၃၁.၇၁ | ၁၈.၆၅ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၂၄.၈၃ | ၁၃၁.၇၁ | ၁၃၂.၇၇ | ၀.၈၁ | ၆.၃၆ | ၇.၅၃ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၄၆.၁၉ | ၁၅၉.၃၅ | ၁၆၀.၀၄ | ၀.၄၃ | ၉.၄၈ | ၈.၇၈ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၀.၄၂ | ၁၁၇.၂၃ | ၁၁၇.၇၂ | ၀.၄၂ | ၆.၆၁ | ၃.၉၉ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၉၄ | ၁၀၁.၄၂ | ၁၀၁.၄၃ | ၀.၀၁ | -၀.၅၀ | -၀.၇၆ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၀၉.၅၉ | ၁၂၃.၁၉ | ၁၂၃.၃၁ | ၀.၁၀ | ၁၂.၅၂ | ၁၀.၃၇ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၃.၅၂ | ၁၃၈.၉၇ | ၁၃၉.၁၄ | ၀.၁၃ | ၄.၂၁ | ၅.၉၁ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၆.၁၉ | ၁၃၁.၉၄ | ၁၃၃.၇၀ | ၁.၃၃ | ၅.၉၅ | ၄.၈၅ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၃၄.၉၆ | ၁၄၆.၈၂ | ၁၄၆.၈၁ | -၀.၀၁ | ၈.၇၈ | ၁၀.၂၁ |
| (ခ) | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန်းနှုန်း(Core CPI)** | ၃၂.၆၃ | ၁၂၄.၆၉ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၀.၆၀ | *၁၃.၂၆ | *၉.၉၆ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဒီဇင်ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၂.၂၅ | ၁၅၈.၃၆ | ၁၅၇.၄၂ | -၀.၅၉ | ၃.၄၀ | ၃.၁၁ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၅၀.၃၃ | ၁၆၂.၄၆ | ၁၆၂.၇၄ | ၀.၁၇ | ၈.၂၅ | ၇.၀၆ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၃၅.၄၀ | ၁၄၅.၆၄ | ၁၄၆.၆၀ | ၀.၆၆ | ၈.၂၇ | ၇.၆၂ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၉၈.၀၅ | ၂၀၉.၈၂ | ၂၀၉.၄၅ | -၀.၁၈ | ၅.၇၅ | ၈.၃၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၄၄.၁၆ | ၁၅၈.၇၃ | ၁၅၈.၅၁ | -၀.၁၄ | ၉.၉၅ | ၁၁.၉၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၄.၀၇ | ၁၄၃.၆၁ | ၁၄၃.၉၇ | ၀.၂၅ | ၇.၃၉ | ၇.၆၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၄၄.၀၁ | ၁၅၆.၉၇ | ၁၅၇.၉၉ | ၀.၆၆ | ၉.၇၁ | ၈.၇၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၅၄.၃၂ | ၁၇၁.၀၂ | ၁၇၁.၇၅ | ၀.၄၂ | ၁၁.၂၉ | ၁၂.၂၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၃၉.၇၂ | ၁၅၅.၈၇ | ၁၅၆.၇၅ | ၀.၅၇ | ၁၂.၁၉ | ၉.၄၃ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၄၂.၆၈ | ၁၅၁.၁၁ | ၁၅၀.၆၁ | -၀.၃၃ | ၅.၅၆ | ၇.၅၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၈၇.၇၁ | ၁၉၅.၁၈ | ၁၉၃.၆၅ | -၀.၇၈ | ၃.၁၆ | ၅.၄၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၈.၂၈ | ၁၅၁.၉၂ | ၁၅၂.၆၅ | ၀.၄၈ | ၁၀.၄၀ | ၆.၈၅ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၅၈.၇၂ | ၁၆၈.၄၉ | ၁၆၉.၀၃ | ၀.၃၂ | ၆.၄၉ | ၆.၇၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၄၆.၇၁ | ၁၆၈.၁၈ | ၁၆၈.၅၅ | ၀.၂၂ | ၁၄.၈၉ | ၁၁.၀၃ |
| ၁၅ | ပြည်ထောင်စုနယ်မြေ(နေပြည်တော်) | ၁.၄၁ | ၁၃၃.၅၄ | ၁၄၆.၄၈ | ၁၄၇.၆၉ | ၀.၈၂ | ၁၀.၆၀ | ၇.၄၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၄၉.၁၇ | ၁၆၀.၅၁ | ၁၆၁.၄၃ | ၀.၅၈ | ၈.၂၂ | ၈.၂၇ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၄၀.၉၁ | ၁၆၀.၀၁ | ၁၆၂.၅၈ | ၁.၆၁ | ၁၅.၃၈ | ၁၀.၇၆ |
| ၁၈ | နေပြည်တော်(ဇမ္ဗူသီရိ) | ၀.၆၉ | ၁၃၆.၂၅ | ၁၅၂.၉၉ | ၁၅၃.၅၉ | ၀.၄၀ | ၁၂.၇၃ | ၁၀.၈၂ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၄၇.၇၅** | **၁၆၁.၂၆** | **၁၆၁.၇၂** | **၀.၂၉** | **၉.၄၅** | **၈.၈၁** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် | | ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | နိုဝင်ဘာလ (ကျပ်) | ဒီဇင်ဘာလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၁၅%) | ပြည် | ၁၅၀၅.၃၁ | ၁၄၉၃.၀၄ | ၁၅၀၅.၅၁ | -၀.၈၂ | -၀.၈၃ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၉၀၉.၇၈ | ၆၈၈၁.၇၄ | ၆၁၇၃.၁၉ | -၀.၄၁ | ၁၁.၄၈ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၈၄၅.၉၄ | ၆၈၇၆.၂၅ | ၆၂၅၆.၅၂ | ၀.၄၄ | ၉.၉၁ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၇၅.၅၃ | ၂၁၃၁.၄၃ | ၂၀၇၀.၀၄ | ၂.၆၉ | ၂.၉၇ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၀၆၉.၉၆ | ၇၀၅၉.၃၂ | ၆၉၈၉.၇၃ | -၀.၁၅ | ၁.၀၀ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၇၆၄.၁၉ | ၉၉၅၀.၆၈ | ၉၄၈၃.၄၅ | ၁.၉၁ | ၄.၉၃ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၂၂၆.၆၄ | ၁၄၂၅၃.၂၇ | ၁၂၄၉၃.၉၅ | ၀.၁၉ | ၁၄.၀၈ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၂၈.၂၃ | ၁၈၂၉.၉၆ | ၁၇၄၇.၆၃ | ၀.၀၉ | ၄.၇၁ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၀၂.၆၀ | ၁၂၉၇.၆၀ | ၁၃၁၉.၈၀ | -၀.၃၈ | -၁.၆၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၉၁၆၆.၆၇ | ၈၉၅၀.၀၀ | ၇၉၅၀.၅၆ | -၂.၃၆ | ၁၂.၅၇ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၉၄၀.၄၁ | ၈၈၆၆.၈၄ | ၈၀၄၁.၄၅ | -၀.၈၂ | ၁၀.၂၆ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၄၅၁.၃၄ | ၅၄၇၀.၀၉ | ၄၄၆၀.၂၇ | ၀.၃၄ | ၂၂.၆၄ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၃၈၄၂.၅၅ | ၃၃၈၈၂.၉၈ | ၃၁၈၆၁.၇၀ | ၀.၁၂ | ၆.၃၄ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၂၆၇၁.၅၇ | ၃၂၅၇၈.၄၃ | ၂၉၅၆၄.၇၁ | -၀.၂၉ | ၁၀.၁၉ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၉၂.၄၈ | ၃၄၃၄.၀၇ | ၃၃၀၆.၆၄ | ၁.၂၃ | ၃.၈၅ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၄၅၅.၀၄ | ၁၅၁၇.၄၄ | ၁၀၀၄.၄၁ | ၄.၂၉ | ၅၁.၀၈ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၇၅.၂၁ | ၂၃၇၆.၈၉ | ၂၄၀၆.၀၉ | ၀.၀၇ | -၁.၂၁ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၂၈၃.၅၃ | ၁၂၂၆.၉၁ | ၁၁၄၅.၉၈ | -၄.၄၁ | ၇.၀၆ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၈၄၆.၉၉ | ၃၉၅၉.၀၂ | ၂၂၂၄.၄၄ | ၂.၉၁ | ၇၇.၉၈ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၃၀၃၂.၈၀ | ၃၀၉၀.၄၀ | ၁၃၃၅.၄၀ | ၁.၉၀ | ၁၃၁.၄၂ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၄၅၉.၇၉ | ၅၄၆၆.၉၀ | ၄၉၅၀.၀၀ | ၀.၁၃ | ၁၀.၄၄ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၅၄၀.၈၆ | ၅၅၄၇.၁၈ | ၅၂၁၅.၉၅ | ၀.၁၁ | ၆.၃၅ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၁၁၉၆၅၀.၄၄ | ၁၁၁၄၆၀၂.၂၁ | ၉၇၆၆၆၂.၈၃ | -၀.၄၅ | ၁၄.၁၂ |
| ၂၄ | ထင်း | | ပိဿာ | ၃၇၀.၃၅ | ၃၆၉.၃၅ | ၃၂၆.၁၃ | -၀.၂၇ | ၁၃.၂၅ |
| ၂၅ | မီးသွေး | | ။ | ၆၉၅.၆၃ | ၆၉၆.၅၁ | ၆၅၀.၄၄ | ၀.၁၃ | ၇.၀၈ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၀.၀၀ | ၄၅၄.၃၉ | ၄၃၃.၉၉ | ၀.၉၇ | ၄.၇၀ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၁၁၀.၅၃ | ၁၁၁၀.၅၃ | ၁၀၈၄.၈၀ | ၀.၀၀ | ၂.၃၇ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၄၄၉၁.၄၉ | ၄၄၄၄.၆၃ | ၄၄၆၄.၉၀ | -၁.၀၄ | -၀.၄၅ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၄၂၃၅.၁၆ | ၄၂၃၉.၂၅ | ၃၉၄၈.၀၇ | ၀.၀၉ | ၇.၃၈ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
| စားသုံးသူဈေးဆန္နှုန်း (CPI) | ၁၄၇.၇၅ | ၁၄၇.၈၉ | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁၅၄.၅၆ | ၁၅၈.၄၄ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၁၆၀.၅၈ | ၁၆၁.၂၆ | ၁၆၁.၇၂ |
| စားသုံးသူဈေးဆန္နှုန်း (Core CPI) | ၁၂၄.၆၉ | ၁၂၅.၁၉ | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၁၂၇.၃၁ | ၁၂၇.၈၁ | ၁၃၇.၅၆ | ၁၃၈.၂၅ | ၁၃၉.၁၂ | ၁၃၉.၇၄ | ၁၄၀.၃၈ | ၁၄၁.၂၂ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၆.၈၅ | ၆.၁၄ | ၆.၆၉ | ၇.၉၂ | ၈.၇၃ | ၉.၅၇ | ၉.၅၁ | ၁၀.၈၇ | ၁၀.၃၇ | ၉.၅၁ | ၈.၇၂ | ၈.၂၆ | ၉.၄၅ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation–Core Inflation) | ၆.၇၉ | ၆.၃၉ | ၆.၃၃ | ၆.၁၈ | ၆.၃၀ | ၆.၅၈ | ၆.၃၄ | ၁၄.၁၄ | ၁၃.၈၇ | ၁၃.၅၈ | ၁၃.၂၅ | ၁၃.၂၅ | ၁၃.၂၆ |